CDF, Kanpetlet

CHIN DEFENSE FORCE

# ထုတ်ပြန်ကြေငြာချက်

ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ(၃၁)ရက်

၁။ အကြမ်းဖက်စစ်ကောင်စီသည် ၂၀၂၁ ခုနှစ်၊ ဖေဖေါ်ဝါရီလ(၁)ရက်နေ့တွင် နိုင်ငံတော်၏ အချုပ်ခြာအာဏာကို အတင်းအဓမ္မသိမ်းယူခဲ့သည်။

၂။ ထိုအာဏာသိမ်းမှုနောက်ပိုင်းတွင် နိုင်ငံတစ်ဝှမ်းလုံး၌ ပြည်သူ့ဝန်ထမ်းများ၏ အကြမ်းမဖက်အာဏာဖီဆန် CDM ပြုလုပ်ခြင်း၊ လူထုတစ်ရပ်လုံး၏ လမ်းပေါ်ထွက်ဆန္ဒထုတ်ဖော်ခြင်းမှစတင်ကာ ရရာလက်နက်စွဲကိုင်တော်လှန်ခြင်းများအထိဖြစ်ပွားခဲ့သည်။

၃။ ယခုအခါ အကြမ်းဖက်စစ်ကောင်စီသည် မိမိတို့ချင်းပြည်နယ်အပါအဝင် တိုင်းရင်းသားဒေသများတွင် ထိုးစစ်ဆင်ကာ စစ်ရေးတင်းမာမှုများသည် ဆက်တိုက်ဖြစ်ပေါ်လျှက်ရှိသည်။

၄။ ထို့ကြောင့် ချင်းပြည်နယ်ရှိ အသက်(၁၈)နှစ် နှင့် အသက်(၄၀)အကြား လူငယ်လူလတ်ပိုင်းများအနေဖြင့် အမိချင်းပြည်ကိုစွန့်ခွာကာ ပြည်ပနိုင်ငံများသို့ ထွက်ခွာခြင်း၊ တော်လှန်ရေးကိုမျက်ကွယ် ပြုခြင်းမပြုလုပ်ကြရန် လေးနက်စွာတိုက်တွန်းသည်။

၅။ ဖက်ဒရယ်ဒီမိုကရေစီရရှိရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးနှင့် တန်းတူညီမျှမှုရရှိရေးတို့အတွက် အကြမ်းဖက်စစ်ကောင်စီအား အမြစ်ပြတ်ချေမှုန်းပြီး အနာဂတ်ချင်းပြည်ထောင်တည်ဆောက်ရေးတွင် အတူလက်တွဲတိုက်ပွဲဝင်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

Chin Defense Force

Kanpetlet

Chin Defense Force